International Labour Organization

# ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ကြားရေး အစီအစဉ် သင်ခန်းစာပေါင်းချုပ်

## အခန်းကြီး – ၈။ ကြားဝင်ဆောင်ရွက်မှုများအား စောင့်ကြည့်လေ့လာခြင်းနှင့်ပြန်လည်သုံးသပ်ခြင်း

ယခုသင်ခန်းစာတွင် သင့်ကို မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားခိုင်းစေခြင်း ပပျောက်ရေးအတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(NAP)နှင့် အခြားရေရှည်ပြေးဆောင်ရွက်ချက်များအား  စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း တို့အား အတွင်းကျကျသိရှိနားလည်စေမည်ဖြစ်ပါသည်။



© အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့်ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလို ပြင်ဆင်အသုံးပြုခြင်းများ)ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု** – အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်၊ သင်ခန်းစာ(၈) ကြားဝင်ဆောင်ရွက်မှုများအား စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။** ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် ILO တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း –** ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ –** ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံးအဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။

အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

---

ISBN: 9789220390160 (print); 9789220390177 (web PDF)
**English ဘာသာဖြင့်လည်းရနိုင်သည်:** E–learning programme on child labour pack.
ISBN: 9789220390146 (print); 9789220390153 (web PDF)

---

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။

ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။

စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

---

မျက်နှာဖုံးဓာတ်ပုံ – © ဂျီးဒီးလန်းမီထျာ/အိုင်အယ်လ်အို
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ခန်းစာများကို အိုင်အယ်လ်အိုမှ အကြံပေးပုဂ္ဂိုလ် Birgitte Krogh–Poulsen, မှ အသေးစိတ် ပြင်ဆင်ထားသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘာနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ လှဲ့ကေခိုင်၊ စောဆာကပေါ်၊ ခွန်ဆာမွန်းထွယ်၊ နော်မူးမူစိုး၊ ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ) နှင့်၊ အန်းဘွိုင် တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက် အမှတ် IL–25263–14–75–K အရ “မြန်မာနိုင်ငံ ကလေးအလုပ်သမားအလုပ်သမားပပျောက်ရေး အစီအစဉ် (My–PEC)” (MMR/13/10/USA) ရန်ပုံငွေပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ My–PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျ စရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ (၉၁၅၀၀၀၀) ရှိပါသည်။ ဤထုတ်ဝေမှုကို “အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်”(ARC) (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံအစိုးရ၊ Foreign Commonwealth and Development Office (FCDO)တို့မှ ပူးပေါင်းထောက်ပံ့ထားသည်။ ကျန်းမာရေး၊ အလုပ်သမားနှင့်ဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏စီမံကိန်းဖြစ်သည့် “ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမားလျှော့ချ ရရှိရေး– စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံးကလေး အလုပ်သမားပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)” (RAS/19/07/JPN) မှလည်း ပူးပေါင်းထောက်ပံ့ထားပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့်  ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်းမဟုတ်ပါ။

# အကြောင်းအရာများ


**သင်ခန်းစာ ၁**

ပြန်လည်သုံးသပ်ခြင်းဟာ အထောက်အကူဖြစ်ပါသလား ................................ ၁

**သင်ခန်းစာ ၂**

လေ့လာရခြင်း၏ရည်ရွယ်ချက်များ ............................................................ ၃

**သင်ခန်းစာ ၃**

ဘာကြောင့်စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းကို ...................... ၄
ပြုလုပ်သင့်ပါသလဲ

**သင်ခန်းစာ ၄**

စောင့်ကြည့်လေ့လာခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း (M&E) မူဘောင်၏ ............. ၇
အချက်အလက်များ

**သင်ခန်းစာ ၅**

မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း ........................................................... ၁၄

**သင်ခန်းစာ ၆**

အနှစ်ချုပ် ........................................................................................... ၁၆

**နောက်ဆက်တွဲ အဖြေများ** ......................................................... ၁၈

သင်ခန်းစာ ၁/၆

# ပြန်လည်သုံးသပ်ခြင်းဟာ အထောက်အကူဖြစ်ပါသလား။

မိုဟာမက် ၊ နိုးနိုး နဲ့ ဖိုးဝ တို့ သူတို့ရဲ့ စာမေးပွဲရလဒ်တွေနဲ့ ပတ်သက်တဲ့ စကားဝိုင်းကို အောက်မှာ ဖတ်ရှုပါ။






စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းက ကလေးအလုပ်သမားအရေးကို ဖြေရှင်းရန်မည်သို့ အထောက်အကူပြုနိုင်ပါသနည်း။

သင်ခန်းစာ ၂/၆

# လေ့လာရခြင်း၏ရည်ရွယ်ချက်များ

**မိုဟာမက် ၊ နိုးနိုး နဲ့ ဖိုးဝ တို့ သူတို့ရဲ့ စာမေးပွဲရလဒ်တွေနဲ့ ပတ်သက်တဲ့ စကားဝိုင်းကို အောက်မှာ ဖတ်ရှုပါ။**



ကလေးအလုပ်သမားအရေးကို ကြိုတင်ကာကွယ်ရန် ကြားဝင်ဆောင်ရွက်မှုများအား စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း တို့သည် အပြစ်ရှာနေခြင်းမဟုတ်ပေ။ ၎င်း၏ရည်ရွယ်ချက်မှာ သင်ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်းမွန်လာစေရန်နှင့် လူမှုအသိုင်းအဝိုင်းများတွင် လုပ်ဆောင်နေသော ကြားဝင်ဆောင်ရွက်ပေးမှုများသည် ၎င်းရည်မှန်းချက်များ ပြည့်မီကြောင်း သေချာစေမည့်အပြုသဘောဆောင်သော သင်ယူမှုအတွေ့အကြုံကို ပေးစွမ်းမည်ဖြစ်ပါသည်။ ယခုသင်ခန်းစာက သင့်ကို အောက်ပါအရာများတွင် ကူညီပေးမည်ဖြစ်ပါသည်။

- ကလေးအလုပ်သမားပပျောက်ရေးအတွက် ကြားဝင်ဆောင်ရွက်မှုများအား စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့၏ အကျိုးကျေးဇူးများကို နားလည်စေပါသည်။
- ထုံးစံအတိုင်း စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း (M&E) ဆိုင်ရာ မူဘောင်လုပ်ဆောင်ချက်များ၏ ရည်ရွယ်ချက်ကို ဖော်ထုတ်နိုင်စေပါသည်။
- စီမံချက်အကောင်အထည်မဖော်မီနှင့် ဖော်ပြီးကာလတွင်း လေ့လာမှုများ၏ အရေးပါမှု (baseline & end-line)ကို သိရှိစေပါသည်။
- ကာလအလိုက်အစီရင်ခံရန် လိုအပ်ချက်ကို နားလည်စေပါသည်။
- အချက်အလက်များ၏ အကျိုးကျေးဇူးများကို သဘောပေါက်စေပါသည်။

**စတင်လေ့လာဖို့အဆင်သင့်ဖြစ်ပြီလား။**

သင်ခန်းစာ ၃/၆

# ဘာကြောင့်စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းကို ပြုလုပ်သင့်ပါသလဲ

စဉ်းစားကြည့်ပါ။

ကလေးအလုပ်သမားပပျောက်ရေး ကြိုးပမ်းမှုရဲ့ နောက်ကွယ် က အဆုံးစွန်အကြောင်းရင်း က ဘာဖြစ်မယ်လို့ ထင်ပါသလဲ။

အဲ့ဒီပန်းတိုင်ကို ရောက်ရှိပြီဆိုတဲ့အခါ ဘယ်လိုသိနိုင်ပါသလဲ။



ပြုံးရယ်နေကြသော ကျောင်းသားများ၊ မြန်မာ။ © Shutterstock

## စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့က ဘာတွေလဲ။

စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း တို့၏အကျိုးကျေးဇူးများကို နားမလည်မီ ထိုအရာများသည် မည်သည့်အရာများဖြစ်ကြောင်းကို ဦးစွာ နားလည်ရန် လိုအပ်ပါသည်။



စောင့်ကြည့်လေ့လာခြင်း သည် အချိန်ကာလတစ်ခုအတွင်း တိုးတက်မှုများကို စနစ်တကျခြေရာခံခြင်းဖြစ်ပါသည်။



ပြန်လည်သုံးသပ်ခြင်းသည် သတ်မှတ်ထားသော လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်မှုမှ တစ်ဆင့် ရရှိသော ရလဒ်များအား အကဲဖြတ်ခြင်းဖြစ်ပါသည်။

## စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းက ဘယ်လိုအထောက်အကူဖြစ်စေပါသလဲ။

ကား၏ဒိုင်ခွက်ကို မြင်ဖူးကြမည်ဖြစ်ပါသည်။ ကားဒိုင်ခွက်သည် ကားက သင့်လျော်သောမြန်နှုန်းဖြင့် မောင်းနေခြင်း ၊ ဓာတ်ဆီ လုံလုံလောက်လောက်ရှိမရှိ ပြသခြင်းစသည်တို့ဖြင့် အဆင်ပြေမှုရှိမရှိကို ပြသနေခြင်းဖြစ်ပါသည်။ ထို့အပြင် ယာဉ်မောင်းသူအား လမ်းမှန်ပေါ်တွင်ရှိစေရန်၊ ပြုပြင်ထိန်းသိမ်းရန် သို့မဟုတ် ဆီပြန်ဖြည့်ရန် မည်သည့်လိုအပ်ချက်အတွက်မဆို ပြင်ဆင်ထားနိုင်ရန်လည်း ကူညီပေးပါသည်။



ကားဒိုင်ခွက်။ © Shutterstock

အလားတူပင် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း (M&E) သည် ကလေးအလုပ်သမားပပျောက်ရေး ကြိုးပမ်းမှုအတွက် သင့်လုပ်ဆောင်မှုများ၏ ရည်ရွယ်သည်ဖြစ်စေ ၊ မရည်ရွယ်သည်ဖြစ်စေ သက်ရောက်မှုများကို လေ့လာစောင့်ကြည့်မည့် လုပ်ငန်းစဉ်များနှင့် နည်းစနစ်များဖြစ်ပါသည်။ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ၏ ရလဒ်များက ကလေးအလုပ်သမားခိုင်းစေခြင်းကြောင့် ထိခိုက်နေသော သို့မဟုတ် ထိခိုက်လာနိုင်သည့် ကလေးသူငယ်များ၏ဘဝများအပေါ်  ကွဲပြားခြားနားမှုတစ်ခုကို ပေးနိုင်မည်ကို ထိုစနစ်များက သေချာစေမည်ဖြစ်ပါသည်။

အစီအစဉ်တစ်ခု တိုးတက်မှုကို ထိရောက်စွာခြေရာခံပြီး အကျိုးသက်ရောက်မှုကို အကဲဖြတ်ရန် M&E စနစ်များအတွက်၊ M&E မူဘောင်တွင် ပစ်မှတ်များနှင့် အညွှန်းများ ပါဝင်ရပါမည်။ ဉ ပမာ NAP အကောင်အထည်ဖော်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖြစ်ပေါ်လာမည့် အမှန်အကန် ကြားဝင် ဆောင်ရွက်မှု လုပ်ငန်းများ တိုးတက်ရေးနှင့်အတူ ပစ်မှတ်များ/အညွှန်းကိန်းများကို ဖန်တီးရပါမည်

## အချက်အလက်အတွက်လိုအပ်မှု

ရှိရင်းစွဲ စနစ်များကို အသုံးပြုသောအခါ အချက်အလက်ဆိုင်ရာ ကွာဟမှုများဖြစ်ပေါ်တတ်ပါသည်။ ယင်းအတွက်ကြောင့် တိကျသော အချက်အလက်စုဆောင်းမှု လိုအပ်ပါသည် ။ ယင်းကဲ့သို့ တိကျသောအချက်အလက်များစုဆောင်းပြီး စီမံထားသောလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ခြင်းသည် အလုပ်ဝန်ပိမှု ကို သက်သာစေပါသည်။ ဥပမာ သင်တန်း စတင်မည်ဆိုရင် စိတ်ဝင်စားသူများကို စာရင်းသွင်းပေးရန် ပြောကြားနိုင်ပါသည်။ ယင်းကဲ့သို့ဖြည့်စွက်ထားသော စာရင်းများအရ နောက်ပိုင်းတွင် အစီရင်ခံစာရေးရန် လိုအပ်လာနိုင်သော အဖွဲ့အစည်း ၊ ကျား/မ စသော အချက်အလက်များကို ရရှိနိုင်ပါသည်။


စာအုပ်ပုံပေါ်တွင်တင်ထားသော လူပုံစံတုတ်ချောင်းလေးများ။ © Shutterstock

## မြန်မာနိုင်ငံ၏ကလေးအလုပ်သမားဆိုင်ရာအချက်အလက်များ

ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ကဲ့သို့ အဓိကကျသော ကြားဝင်ဆောင်ရွက်မှုတစ်ခုတွင် အညွှန်းအားလုံးကို အတည်ပြုစစ်ဆေးခြင်းသည် အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ပါသည်။ အကယ်၍ ယင်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDG) အစီရင်ခံစနစ်ကဲ့သို့ ရှိရင်းစွဲ M&E စနစ်များနှင့် ပေါင်းစပ်လိုက်လျှင် အလုပ်ဝန်ပိမှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

## ဖြစ်ရပ်စီမံခန့်ခွဲရေးစနစ် (CMS) ဆိုင်ရာအချက်အလက်များ

ဖြစ်ရပ်စီမံခန့်ခွဲရေးစနစ် (CMS) ကဲ့သို့ ရှိရင်းစွဲစနစ်များထဲမှ အချက်အလက်များကို ယူရန် အညွှန်းများကို စီစဉ်ခြင်းကလည်း အထောက်အကူဖြစ်နိုင်ပါသည်။ ယင်းသည် NAP အညွှန်းများအားလုံးနှင့်ယှဉ်ပြီး အသေးစိတ်အချက်အလက်စုဆောင်းခြင်းထက် ပိုမိုခရီးတွင်စေပါသည်။


ဖိုင်တွဲနံရံကပ်စင်ထဲ ထည့်ထားသော စာရွက်စာတမ်းများ။ © Shutterstock




မြေပုံပေါ်မှ ကိုင်ထားသော မှန်ဘီလူး။ © Shutterstock

## ကလေးအလုပ်သမားဆိုင်ရာ အာဆီယံ လမ်းပြမြေပုံ၏ အချက်အလက်များ

အညွှန်းအုပ်စုကြီးများထဲတွင် ဦးစားပေး သတ်မှတ်ချက်များကို ရွေးချယ်ထားမှုကလည်း အထောက်အကူဖြစ်စေပါသည်။ ယင်းသည် အစီရင်ခံမှုက သိရှိရန်လိုအပ်သောအရာများကို အလေးထားစေပါသည်။ ဦးစားပေးအညွှန်းများအား မကြာခဏဆိုသလို အစီရင်ခံတင်ပြရန် လိုအပ်ဖွယ်ရှိပါသည်။ ဦးစားပေးမဟုတ်သောအညွှန်းများအတွက် အချက်အလက်မရရှိလျှင် ကွက်လပ်အဖြစ် ထားရှိနိုင်ပါသည်။ ဦးစားပေးအညွှန်းများသည် တိကျသောအချက်အလက်စုဆောင်းမှုကိုရယူလျှင်ပင် အမြဲတမ်းအစီရင်ခံရမည်ဖြစ်သည်။ ထိုနည်းလမ်းအား ကလေးအလုပ်သမားဆိုင်ရာ အာဆီယံ လမ်းပြမြေပုံတွင် အသုံးပြုပါသည်။

## လေ့လာမှုမှတ်တိုင်

လွန်ခဲ့တဲ့ခြောက်လတုန်းက ရွာတစ်ရွာမှာ ကလေးအလုပ်သမားခိုင်းစေခြင်းကို ပပျောက်စေဖို့ ဒေသဆိုင်ရာကမ်ပိန်းတစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ ဒီကမ်ပိန်းမှာပါဝင်ခဲ့ပြီး အကျိုးကျေးဇူးရရှိခဲ့တဲ့ ကလေးတွေနဲ့ မိသားစုတွေရဲ့ စာရင်းအင်းအချက်အလက်တွေပါတဲ့ CMS စနစ်တစ်ခုကို ကမ်ပိန်းလုပ်ဆောင်သူတွေက ထိန်းသိမ်းထားပါတယ်။ ကမ်ပိန်းလုပ်ဆောင်သူတွေက ပြောင်းလဲမှုအခြေအနေတွေကို အပတ်စဉ် အချိန်နဲ့တပြေးညီ ထုတ်ပြန်ပေးပါတယ်။ ပြီးတော့ သူတို့တွေက နောက်ထပ်လုပ်ဆောင်မယ့်အစီအစဉ်သစ်တစ်ခုကိုပြောင်းလဲဖို့ ဒါမှမဟုတ် ဖော်ထုတ်ဖို့နဲ့ ပန်းတိုင်တွေကိုသတ်မှတ်ဖို့ တွေ့ဆုံခဲ့ကြပါတယ်။

**ဒီထဲက ဘယ်လိုလုပ်ငန်းစဉ်တွေက ပြန်လည်သုံးသပ်ခြင်းနဲ့ သက်ဆိုင်ပါသလဲ။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ **က** ကမ်ပိန်းကို လုပ်ဆောင်ခြင်း။

☐ **ခ** စာရင်းအင်းများကို ထိန်းသိမ်းခြင်း။

☐ **ဂ** အချက်အလက်များကို အချိန်နဲ့တပြေးညီ ထုတ်ပြန်ပေးခြင်း။

☐ **ဃ** နောက်ထပ်လုပ်ဆောင်မယ့်အစီအစဉ်သစ်တစ်ခုကိုပြောင်းလဲဖို့ ဒါမှမဟုတ် ဖော်ထုတ်ဖို့နဲ့ ပန်းတိုင်တွေကိုသတ်မှတ်ဖို့ တွေ့ဆုံခြင်း။



### ထပ်ဆောင်းဗဟုသုတ

M&E ထပ်တိုးအွန်လိုင်းသင်တန်းများကို တက်ရောက်ရန် စိတ်ဝင်စားလျှင် တူရင်းမြို့ရှိ ITC ၌ M&E သင်တန်းကို စုံစမ်းလေ့လာနိုင်ပါသည်။

## စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း (M&E) မှုဘောင်ရဲ့ မတူညီတဲ့ အစိတ်အပိုင်းတွေက ဘာဖြစ်ပါသလဲ။

သင်ခန်းစာ ၄/၆

# စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း (M&E) မူဘောင်၏ အချက်အလက်များ



'Monitor'၊ 'Identify'၊ 'Treat' နှင့် 'Evaluate' စကားလုံးများ ထွင်းထားသော ဂီယာများ။ © Shutterstock


စာရွက်တစ်ရွက်ပေါ်မှာ စာရေးနေသောလူ။ © Shutterstock

## စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း (M&E) မူဘောင် ဆိုတာ ဘာပါလဲ။

အမြန်နှုန်း၊ သွားခဲ့ပြီးသော ခရီးအကွာအဝေး၊ ဓာတ်ဆီ၊ ထိုင်ခုံခါးပတ် စသည်ဖြင့် မတူညီသောအညွှန်းများပါဝင်သည့် ကားဒိုင်ခွက်ကဲ့သို့ပင် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း (M&E) မူဘောင်တွင်လည်း ရလဒ်များ၏အောင်မြင်မှုနှင့် တိုးတက်မှုအား တိုင်းတာခြင်းအတွက် သတ်မှတ်ချက်များ ပါဝင်ပါသည်။

ရလဒ်ဖော်ဆောင်ခြင်းတိုးတက်မှုနှင့် ရည်မှန်းချက်များအောင်မြင်မှု နှစ်ခုစလုံးအား တိုင်းတာရန် မတူညီသော အဆင့်များ၌ အညွှန်းများလည်း ပါဝင်ဖွယ်ရှိသည်။ ထိုမူဘောင်က ယေဘုယျအားဖြင့် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

- အညွှန်းများအတွက် မှန်ကန်ကြောင်းအတည်ပြုမှုအဓိပ္ပာယ်
- အညွှန်းတစ်ခုနှင့်ယှဉ်၍ အစီရင်ခံမှုအကြိမ်ရေနှင့်
- အချက်အလက်စုဆောင်းမှုနှင့် အစီရင်ခံမှုအတွက် တာဝန်ရှိသူတို့ဖြစ်ပါသည်။

ထို့အပြင် ယင်းမူဘောင်တွင် ရလဒ်ဖော်ဆောင်ခြင်းနှင့် မျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ခြင်းတို့အတွက် မိုင်တိုင်များ သို့မဟုတ် ပန်းတိုင်များလည်း ပါဝင်ဖွယ်ရှိပါသည်။

## ကျိုးကြောင်းဆီလျော်သောမှု / ရလဒ်များဆိုင်ရာမူဘောင်

ကျိုးကြောင်းဆီလျော်သောမှု/ ရလဒ်များဆိုင်ရာမူဘောင်သည် အခြေအနေတစ်ခုအား ပြောင်းလဲရန် ဖန်တီးထားသော ရှေ့ပြေးအစီအစဉ်တစ်ခုအား စီစဉ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် ချင့်တွက်ခြင်းတို့အတွက် စနစ်တကျချဉ်းကပ်မှုတစ်ခုဖြစ်သည်။ ထိုမူဘောင်တွင် ထုံးစံအားဖြင့် အောက်ပါအရာများပါဝင်ပါသည်။

- ရှေ့ပြေးအစီအစဉ်တစ်ခု၏ ရည်မှန်းချက်များ (သို့မဟုတ်) ရလဒ်များအား အဓိပ္ပာယ်ဖွင့်ခြင်း။
- ရည်မှန်းချက်များပြည့်မီရန်အတွက်လိုအပ်သော ရလဒ်များ။
- လိုအပ်သောရလဒ်များဖော်ဆောင်သော လုပ်ငန်းစဉ်များနှင့်
- ရည်မှန်းချက်များအောင်မြင်မှုနှင့် တိုးတက်မှုအား စောင့်ကြည့်လေ့လာရန်အသုံးပြုသော အညွှန်းများတို့ ဖြစ်ကြပါသည်။

**ကျိုးကြောင်းဆီလျော်သောမှု / ရလဒ်များဆိုင်ရာမူဘောင်နှင့် ပတ်သက်ပြီး အရေးကြီးသောအသုံးအနှုန်းများကို လေ့လာရန် အောက်ဖော်ပြပါမှတ်စုတိုများကို ဖတ်ရှုပါ။**



ဆွေးနွေးနေကြသော လူတစ်စု။ © Shutterstock

၁။ **ရည်ရွယ်ထားသော သက်ရောက်မှု –** ယင်းသည် ရေရှည်ပြေးလုပ်ငန်းစဉ်တစ်ခုအား အကောင်အထည်ဖော်ခြင်း သို့မဟုတ် လုပ်ငန်းစဉ်များအား သတ်မှတ်ခြင်းဖြင့် သင်ဖန်တီးလိုသော သက်ရောက်မှု သို့မဟုတ် ရလဒ်ဖြစ်ပါသည်။

၂။ **ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ငင်းရည်မှန်းချက်များ –** ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များသည် ရေရှည်အတွက်ရည်ရွယ်သော သက်ရောက်မှုများ ဖြစ်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ ကလေးသူငယ်များအား ကလေးအလုပ်သမားများအဖြစ်မှ ထိရောက်စွာတားစီးကာကွယ်ရန် ၊ အထူးသဖြင့် ၄င်း၏အဆိုးရွားဆုံးပုံစံ ဖြင့် ကလေးလုပ်သားလျော့ချရေးနှင့်ပပျောက်ရေး သည် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်မူ လက်ငင်းရည်မှန်းချက်များသည် ရေတိုအကျိုးသက်ရောက်မှုများဖြစ်ပါသည်။ ဥပမာ အားဖြင့် ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ NAP ၏ ပထမအဆင့် အဆုံးသတ်တွင် အသိပညာပေးခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းတို့ဖြစ်ပါသည်။

၃။ **အကျိုးကျေးဇူး –** ယင်းသည် ဖြစ်စဉ် သို့မဟုတ် လုပ်ရပ်များ၏ သက်ရောက်မှု သို့မဟုတ် ရလဒ် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ရလဒ် ဆိုသော အသုံးအနှုန်းနှင့် အပြန်အလှန်အသုံးပြုပါသည်။

၄။ **ရလဒ်များ –** ယင်းတို့သည် လုပ်ငန်းစဉ်များ သို့မဟုတ် ရလဒ်များဖော်ဆောင်မှုမှလာသော တစ်စိတ်တစ်ပိုင်းနှင့် မကြာခဏဆိုသလို အကောင်အထည်မဖော်နိုင်သော ပြောင်းလဲမှုများဖြစ်ပါသည်။ ဤအသုံးအနှုန်းသည် မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ NAP တွင် မပါဝင်ပေ။

၅။ **အကျိုးရလဒ် –** ယင်းသည် မတူညီသော လှုပ်ရှားမှုများအား အကောင်အထည်ဖော်မှု၏ မြင်သာထင်သာရှိသော အကျိုးသက်ရောက်မှုဖြစ်ပါသည်။ ရလဒ်များဖော်ဆောင်ခြင်းသည် မြင်သာမှုနည်းပါးသောအကျိုးကျေးဇူးများ သို့မဟုတ် ရလဒ်များဆီသို့ ဦးတည်သွားလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဥပမာအားဖြင့် သင်တန်းတစ်ခုကို ဖော်ဆောင်ခြင်းသည် အားထုတ်မှုတစ်ခုဖြစ်ပါသည်။ ယင်းသည် ဒီဇိုင်းအဖွဲ့၏ လှုပ်ရှားဆောင်ရွက်ချက်များမှ အကျိုးရလဒ်များဖြစ်ပါသည်။ သိသာထင်ရှားသော သင်တန်းဖြစ်သည့် အားထုတ်မှုသည် မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားအရေးအား ကိုင်တွယ်ဖြေရှင်းရန် မြင့်တက်လာသော စွမ်းဆောင်ရည်ကဲ့သို့ ထင်သာမြင်သာမှုအားနည်းသော ရလဒ်များသို့ ဦးတည်သွားမည်ဟု မျှော်လင့်ရပါသည်။ အပြန်အလှန်အနေဖြင့် ယင်းသည် မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်များ ပြည့်မီစေရန် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

၆။ **ရည်မှန်းချက်များ –** ရည်မှန်းချက်တစ်ခုဆိုသည်မှာ ပေးထားသောအခြေအနေတစ်ခုတွင် လိုအပ်သေအနေအထားကို အချိန်မီပြီးစီးစေခြင်းဖြစ်ပါသည်။ ရည်မှန်းချက်များသည် အားထုတ်မှုများ၏ ရလဒ်များကို ခန့်မှန်းပေးပါသည်။

လုပ်ဆောင်ချက်များကို လမ်းညွှန်ရန် ပစ်မှတ်များ ချမှတ်နိုင်ပြီး၊ ထို့နောက် အမှန်တကယ် ထုတ်လုပ်မှု နှင့် ၄င်းပစ်မှတ်များနှင့် ဆန့်ကျင်အောင်မြင်မှုများကို တိုင်းတာပါ။

ဥပမာအားဖြင့် ရလဒ်တစ်ခုသည် ခန့်မှန်းထားသည့် ရည်မှန်းချက်များထက် အလွန်အမင်းသေးငယ် သို့မဟုတ် ကြီးမားနေပါသလား။ သို့မဟုတ် ရလဒ်တစ်ခုအနေဖြင့် ခန့်မှန်းထားသော ရည်မှန်းချက်အချိန်မတိုင်မီ သို့မဟုတ် နောက်ပိုင်း သို့မဟုတ် အချိန်မီ ပြီးမြောက်ခဲ့သလား စသည်တို့ဖြစ်ပါသည်။

ဤအသုံးအနှုန်းသည် မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ NAP ၏ အစိတ်အပိုင်းမဟုတ်ပေ။

# တိုးတက်မှုနှင့် သက်ရောက်မှုကို ခြေရာခံခြင်း

ကျိုးကြောင်းဆီလျော်သော မူ/ရလဒ်များဆိုင်ရာမူဘောင်တွင် ရည်မှန်းချက်များပြည့်မီမှု သို့မဟုတ် သက်ရောက်မှုအား တိုင်းတာမှုနှင့် တိုးတက်မှုကို မည်သို့ ခြေရာခံရမည်ကို အသေးစိတ်ဖော်ပြသော မူဘောင်တစ်ခုလည်းပါဝင်ပါသည်။ ယင်းကို ကွဲပြားသောအညွှန်းများအသုံးပြု၍ ဆောင်ရွက်ပါသည်။ အညွှန်းများသည် M&E မူဘောင်၏ ကျောရိုးများအဖြစ် ပါဝင်ပါသည်။ M&E မူဘောင်အား ထိရောက်အောင် လုပ်ဆောင်ရန် အလွန်အမင်းအရေးပါသော နောက်ထပ်ကဏ္ဍ တစ်ခုမှာ အတည်ပြုခြင်းနည်းလမ်းများ (MOVs) ဖြစ်ပါသည်။

အညွှန်းများ၊ MOV များနှင့် အခြားဆက်နွယ်သော အသုံးအနှုန်းများကို လေ့လာနိုင်ရန် အောက်တွင် ဆက်လက်ဖတ်ရှုပါ။

၁။ **အညွှန်းများ –** အညွှန်းများသည် တိုးတက်မှုနှင့် သက်ရောက်မှုများကို တိုင်းတာရန် အသုံးပြုသည့် ယူနစ်များ သို့မဟုတ် proxy များဖြစ်ပါသည်။

**တိုးတက်မှုပြအညွှန်းများသည်** အကောင်အထည်ဖော်မှုက မည်သို့ရှေ့ဆက်နေသည်ကို ခြေရာခံရာတွင် ကူညီပေးပါသည်။ ၎င်းတို့သည် သင်၏ ဖော်ဆောင်မှုများ သို့မဟုတ် ရည်မှန်းချက်များက ရှုပ်ထွေးပြီး ထင်သာမြင်သာမရှိမှုသာလိုအပ်ပြီး တိုက်ရိုက်ထည့်မသွင်းနိုင်ပေ။

သက်ရောက်မှုပြအညွှန်းများ သည် NAP ၏ရည်မှန်းချက်များက ပြည့်မီခြင်း ရှိ မရှိကို တိုင်းတာရန် ဖန်တီးထားပါသည်။

ဥပမာအားဖြင့် သင်သည် ရည်ရွယ်ထားသော သက်ရောက်မှုကိုဖန်တီးနေသလား၊ NAP ၏ ကြိုတင်မမြင်နိုင်သော သက်ရောက်မှုများရှိပါသလား။

၂။ **အတည်ပြုခြင်းနည်းလမ်း –** အညွှန်းကိန်းများနှင့် ဆန့်ကျင်ဘက်သီးခြားရည်မှန်းချက်တစ်ခု၏ အခြေအနေကို အတည်ပြုရန် ဒေတာရင်းမြစ်များနှင့် အချက်အလက်ကို အသုံးပြုသည်။ ၎င်းဒေတာကို ဤရည်ရွယ်ချက်အတွက် သီးသန့် စုဆောင်းနိုင်သော်လည်း ထိုသို့လုပ်ဆောင်ခြင်းသည် အရင်း အမြစ်များကို ပိုမိုအသုံးပြုရန် လိုအပ်ပါမည်။ ထို့ကြောင့်ရှိနှင့်ပြီးသားဒေတာ အတွဲများကို အသုံးပြုခြင်းအားဖြင့် အောင်မြင်မှုများကို စစ်ဆေးအတည် ပြုနိုင်ဖို့ ညွှန်းကိန်းများအား ဤကဲ့သို့ ဒီဇိုင်းထုတ်လုပ်နိုင်သည်။

၃။ **ကြိမ်နှုန်း –** ယင်းသည် အညွှန်းများအား အတည်ပြုသည့် အကြိမ်အရေအတွက်ဖြစ်ပါသည်။ ယင်းသည် နှစ်အလိုက်၊ သုံးလပတ်အလိုက်၊ စီမံချက် အကောင်အထည်မဖော်မီ သို့မဟုတ် ဖော်ပြီးကာလများဖြစ်နိုင်ပါသည်။

၄။ **တာဝန်ရှိအဖွဲ့အစည်း –** NAP ၏ သက်ရောက်မှုနှင့် တိုးတက်မှုကို အစီရင်ခံခြင်းနှင့် အချက်အလက်စုဆောင်းခြင်းအတွက် တာဝန်ရှိသော အဖွဲ့အစည်း သို့မဟုတ် ယူနစ်ကို တာဝန်ရှိအဖွဲ့အစည်းဟု ခေါ်ဆိုပါသည်။

# လေ့လာမှုမှတ်တိုင်

**အောက်ပါအညွှန်းများကို ၎င်းတို့နှင့် သင့်လျော်သော မှန်ကန်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် တွဲပေးပါ။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁ | သက်ရောက်မှုပြအညွှန်း | က | လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်မှုမှ ဖြစ်ပေါ်လာသော ထင်သာမြင်သာမရှိသောပြောင်းလဲမှုများ |
| ၂ | အားထုတ်မှုများ | ခ | လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်မှုမှ ဖြစ်ပေါ်လာသော ထင်သာမြင်သာရှိသော အခြေအနေ သို့မဟုတ် ရလဒ် |
| ၃ | တိုးတက်မှုပြအညွှန်း | ဂ | ဖော်ဆောင်မှုများကို ခြေရာခံရန် အသုံးပြုသည် |
| ၄ | ရလဒ်များ | ဃ | ရည်မှန်းချက်များ ပြည့်မီမှု ရှိ/မရှိ တိုင်းတာရန် အသုံးပြုသည် |

# M&E ဆိုင်ရာမူဘောင်နမူနာ

ယင်းသည် M&E မူဘောင်အား မည်သို့စီစဉ်ပြီး တင်ဆက်နိုင်ကြောင်း ဥပမာတစ်ခုဖြစ်သည်။ အောက်ပါဇယားသည် ကလေးအလုပ်သမားအရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ တစ်စိတ်တစ်ပိုင်းကို ပြသထားပါသည်။ မတူညီသော အစီအစဉ်များတွင် ကွဲပြားသော M&E မူဘောင်များရှိသော်လည်း ၎င်းတို့တွင် အောက်ပါအရာများပါဝင်ပါသည်။

- သင်ကကြိုးစားတိုင်းတာနေသည့်အောင်မြင်မှုရည်မှန်းချက်များ
- ရည်မှန်းချက်တစ်ခုစီအတွက် အညွှန်းများ
- အညွှန်းများအား အတည်ပြုခြင်းအတွက် တာဝန်ရှိသူ၏အညွှန်းနှင့်
- အတည်ပြုခြင်းနည်းလမ်းများဖြစ်ပါသည်။

အသေးစိတ်သိရှိနိုင်ရန် အောက်တွင် ဆက်လက်ဖတ်ရှုပါ။

| ရည်ရွယ်ချက် ၁။ ယုံကြည်စိတ်ချရပြီး တိကျမှန်ကန်သည့် အခြေခံအချက်အလက်များ စုဆောင်းခြင်း | | | | | | | | |
|---|---|---|---|---|---|---|---|---|
| နံပါတ် | လုပ်ဆောင်မှု အစီအစဉ် | အသေးစိတ် လုပ်ဆောင်ချက်များ | အညွှန်းများ | အတည်ပြု စစ်ဆေးခြင်း | ကြိုတင် သတ်မှတ်ခြင်း | | တာဝန်ရှိ အဖွဲ့အစည်း | မိတ်ဖက် အဖွဲ့အစည်း |
| | | | | | ကာလ | အကြိမ်ရေ | | |
| ၁ | ဒေသဆိုင်ရာ ဒေတာ စုဆောင်းသည့် ကော်မတီများဖွဲ့စည်းတည်ထောင်ခြင်း ၊ ၎င်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်း | အချက်အလက်စုဆောင်းသည့် ကော်မတီများ ဖွဲ့စည်းတည်ထောင်ခြင်း (ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခု)<br><br>၎င်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ ချမှတ်ခြင်း<br><br>လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်း | အချက်အလက် စုဆောင်းသည့် အဖွဲ့ အရေအတွက် (၁၁၈ အုပ်စု) (ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခု) လုပ်ငန်းဆောင်တာများနှင့် တာဝန်များ လုပ်ငန်းစဉ်ပြီးဆုံးခြင်း | ပါဝင်သည့် အဖွဲ့ဝင်ဦးရေစာရင်း<br><br>ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုစီ အတွက် မြို့နယ်အလိုက် တစ်ဦးချင်း တာဝန်များခွဲဝေပေးမှုစာရင်း<br><br>လုပ်ငန်းစဉ် | ၁ နှစ် | ၁ | အချက်အလက် စုဆောင်းရေး လုပ်ငန်း ကော်မတီ | နေပြည်တော် ကောင်စီ၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အစိုးရများ၊ INGO များ၊ NGO များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ လူငယ်ကွန်ရက်များ ၊ ရပ်မိရပ်ဖများ |

**ရည်မှန်းချက်** – ရည်မှန်းချက်သည် NAP ၏ ရလဒ်များမူဘောင်တွင် ပါဝင်သောအရာများနှင့်တူညီပါသည်။

**အသေးစိတ်လှုပ်ရှားမှုများ** – ယင်းတို့သည် လိုအပ်သောရလဒ်ဖော်ဆောင်နိုင်ရန်အတွက် သင်က လုပ်ဆောင်ရန်လိုအပ်သည့် လှုပ်ရှားမှုများဖြစ်ပါသည်။

**အညွှန်းများ** – အညွှန်းများသည် ရည်မှန်းချက်များပြည့်မီပြီး သို့မဟုတ် ပြည့်မီခြင်းမရှိသေးကြောင်း အသိပေးပါသည်။

**ညွှန်ကြားချက်** – ယင်းက အောက်ပါအရာများကိုညွှန်ပြပါသည်။

- အညွှန်းများအား အတည်ပြုမှုအတွက် သတင်းအချက်အလက်စုဆောင်းသည့်အကြိမ်ရေနှင့်
- သတင်းအချက်အလက်စုဆောင်းမှုက လွှမ်းခြုံသောအချိန်ကာလတို့ဖြစ်ကြပါသည်။

ဥပမာအားဖြင့် ယင်းနေရာတွင် သတင်းအချက်အလက်သည် တစ်နှစ်စာအချက်အလက်ကို လွှမ်းခြုံမည်ဖြစ်ပြီး တစ်နှစ်လျှင်တစ်ကြိမ်စုဆောင်းမည်ဖြစ်ပါသည်။

**တာဝန်ရှိအဖွဲ့အစည်း** – ယခုကော်လံတွင် သတင်းအချက်အလက်စုဆောင်းမှုနှင့် အညွှန်းများကိုမူတည်၍ တိုးတက်မှုကိုအစီရင်ခံမှုအတွက် တာဝန်ရှိသော အဖွဲ့အစည်းများကို စာရင်းပြုစုထားပါသည်။
NAP တွင် ပါဝင်သောရည်မှန်းချက်အားလုံး၏ အညွှန်းအားလုံးအတွက် တစ်ခုတည်းသောအဖွဲ့အစည်းက အကောင်အထည်ဖော်ခြင်း သို့မဟုတ် အညွှန်းတစ်ခုစီအတွက် မတူညီသောအဖွဲ့အစည်းများက အကောင်အထည်ဖော်ခြင်း ပြုလုပ်နိုင်ပါသည်။

**မိတ်ဖက်အဖွဲ့အစည်း** – ထိုကော်လံတွင် သတင်းအချက်အလက်စုဆောင်းမှုအတွက် တာဝန်ရှိသော အဖွဲ့အစည်းအားကူညီပေးသည့် အဖွဲ့အစည်းများစာရင်း ပါဝင်ပါသည်။

# အကောင်အထည်မဖော်မီနှင့် ဖော်ပြီးကာလ

အကောင်အထည်မဖော်မီကာလသည် NAP ၏ ကြားဝင်ဆောင်ရွက်ခြင်း စတင်မှု၌ လုပ်ဆောင်သော အညွှန်းများအား အတည်ပြုမှု၏ ပထမ အကျော့ဖြစ်ပါသည်။ အကောင်အထည်ဖော်ပြီးကာလသည် NAP သို့မဟုတ် စီမံကိန်းသက်တမ်းကုန်ဆုံးချိန်တွင် လုပ်ဆောင်သည့် နောက်ဆုံးအတည်ပြု ချက်ဖြစ်ပါသည်။

# အကောင်အထည်မဖော်မီကာလ

ယင်းသည် သင်က NAP (သို့မဟုတ် ကြားဝင်ဆောင်ရွက်ခြင်း) ကို အကောင်အထည်ဖော်မှုတစ်လျှောက်လုံးနှင့် နှိုင်းယှဉ်နိုင်သည့် အခြေခံအချက် ဖြစ်ပါသည်။ ယင်းသည် သင်က တိုးတက်မှုရှိမရှိနှင့် သင်လိုချင်သည့် ရည်မှန်းချက်များ အောင်မြင်မှုရှိမရှိ စစ်ဆေးရာတွင် ကူညီပေးပါသည်။

အခြေခံမပါလျှင် M&E သည် NAP / ကြားဝင်ဆောင်ရွက်မှု သက်တမ်းတွင် နောက်ပိုင်း၌ ကြီးမားသော စိန်ခေါ်မှု ဖြစ်လာသည်။ ယင်းသည် သင်ကမည်သည့် နေရာက စတင်ခဲ့သည်ကိုမသိဘဲ မည်မျှအကွာအဝေးထိရောက်ရှိနေပြီကို ကြည့်ရှုရန် ကြိုးစားနေမှုနှင့်တူပါသည်။

MOV များကဲ့သို့ ရှိရင်းစွဲအချက်အလက်စာရင်းများအား အသုံးပြုရန် အညွှန်းများအား ပိုမိုဖန်တီးလေလေ ထိုနည်းတူစွာ အကောင်အထည်မဖော်မီကာလနှင့် အတူတကွပေါင်းစပ်ရန် ရင်းမြစ်များနည်းပါးစွာလိုအပ်လေဖြစ်ပြီးပုံမှန်ကြားကာလတွင် အညွှန်းများအားအတည်ပြုပါသည်။

# အကောင်အထည်ဖော်ပြီးကာလ

အကောင်အထည်ဖော်ပြီးကာလသည် အခြေခံအညွှန်းကိုရေးဆွဲစဉ်တွင် ထည့်သွင်းထားသည့် အညွှန်းများနှင့်ဆန့်ကျင်ဘက် နောက်ဆုံးအစီရင်ခံစာဖြစ်သည်။ အကောင်အထည်ဖော်ပြီးကာလသည်သင့် အားလိုအပ်သောရလဒ်များကို ပေးစွမ်းမည်ဖြစ်ပြီး ချမှတ်ထားသောရည်မှန်းချက်များ အောင်မြင်ခြင်းရှိ/မရှိကိုဖော်ပြမည့် ညွှန်းကိန်းများကို အကောင်အထည်မဖော်မီကာလနှင့်နှိုင်းယှဉ်နိုင်မည်ဖြစ်သည်။

ရေရှည်အကျိုးသက်ရောက်မှုက မြင်သာပြီး ယင်းသည် NAP ပြီးဆုံးပြီးနောက်တွင် ထုံးစံအတိုင်း ဖြစ်ပေါ်ချိန်မှသာ အချို့သောရည်မှန်းချက်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်ပါသည်။ ထို့ကြောင့် အကောင်အထည်ဖော်ပြီးကာလတွင် ကွာဟချက်အချို့ရှိနိုင်သော်လည်း အဆိုပါကွာဟချက်များသည် ရေရှည်အကျိုးသက်ရောက်မှုအတွက် ညွှန်ပြချက်များဖြစ်ပါသည်။

အကောင်အထည်ဖော်ပြီးကာလသည် ကွာဟချက်ရှိလျှင်ပင် နောက်လာမည့် NAP (သို့မဟုတ် စီမံကိန်း) အဆင့်ကို စီစဉ်ရန်အတွက် အခြေခံကိုဖန်တီးပါသည်။ ယင်းသည် ရည်မှန်းချက်များအားလုံး၏ နောက်ထပ်ကွာဟချက်/ အပြည့်အဝ အောင်မြင်မှုကို မပြသောအခါနှင့် လိုချင်သော အပြောင်းအလဲ/အကျိုးသက်ရောက်မှုသို့ ရောက်ရှိသောအခါ လှုပ်ရှားမှုများအား အဆုံးသတ်နိုင်ပါသည်။ သို့သော်လည်း ယင်းသည် အချိန်ယူရပြီး အခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့်ရန် လိုအပ်ပါသည်။ ယခုအဆင့်တွင် ကလေးအလုပ်သမားများ ပြန်လည်မပေါ်ပေါက်လာစေရန်အတွက် ကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုများလည်း လိုအပ်ပါသည်။

အကောင်အထည်မဖော်မီကာလနှင့် အကောင်အထည်ဖော်ပြီးကာလ နှစ်ခုစလုံးသည် M&E မူဘောင်တစ်ခု၏ အရေးကြီးသောကဏ္ဍများဖြစ်ကြပါသည်။

**ဖော်ပြချက်များကို မှန်ကန်သော အသုံးအနှုန်းများနှင့် တွဲစပ်ပါ။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

| | |
|---|---|
| ၁ အကောင်အထည်ဖော်ပြီးကာလ | က တင်နေပြီးသော စီမံကိန်း သို့မဟုတ် အဆင့်၏အခြေခံကို ပုံဖော်ပေးသည်။ |
| ၂ အကောင်အထည်မဖော်မီကာလ | ခ လာမည့်စီမံကိန်း သို့မဟုတ် အဆင့်၏ အခြေခံကို ပုံဖော်ပေးသည်။ |

# ကာလအလိုက် အစီရင်ခံခြင်း

ကာလအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းသည် တိုးတက်မှုကိုခြေရာခံရန် လုပ်ဆောင်ခြင်းဖြစ်ပါသည်။ အောက်ဖော်ပြပါ အမေးအဖြေများကို ဖတ်ရှုပါ။

## ၁။ ကာလအလိုက်အစီရင်ခံခြင်းဆိုတာ ဘာလဲ။

ကာလအလိုက်အစီရင်ခံခြင်းသည် သင်၏ရည်မှန်းချက်များ ပြည့်မီရေး၊ လမ်းကြောင်းမှန်ပေါ်တွင်ရှိနေရန် အလေးအနက်စဉ်းစားခြင်းနှင့် လေ့လာခြင်းအလေ့အထတစ်ခုဖြစ်ပါသည်။

ယင်းသည် အစီရင်ခံခြင်းနှင့် တာဝန်ခံခြင်းလေ့ကျင့်ခန်းတစ်ခုလည်းဖြစ်ပါသည်။ ရရှိထားသော တိုးတက်မှုနှင့် ကြုံတွေ့ရသည့်စိန်ခေါ်မှုများအကြောင်းကို အောက်ပါပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများအား အသိပေးရပါမည်။

- လူထု
- မူဝါဒချမှတ်သူများ
- အဓိကသက်ဆိုင်သူများ (ကလေးများနှင့် မိဘများအပါအဝင်)
- နိုင်ငံတကာမိတ်ဖက်များနှင့်
- ဈေးကွက်များတို့ဖြစ်ကြပါသည်။

ရည်မှန်းထားသော အစီရင်ခံဆက်သွယ်မှု ဥပမာအားဖြင့် ကလေးများနှင့်အဆင်ပြေသော ကာလအလိုက်အစီရင်ခံစာများကိုလည်း အသုံးပြုနိုင်ပါသည်။

အစီရင်ခံမှုအကြိမ်အရေအတွက်သည် မတူညီသောအညွှန်းများအကြား ကွဲပြားကြသည်။ ယင်းကို NAP ၏ မှတ်တမ်းမှတ်ရာတွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

## ၂။ ကာလအလိုက်အစီရင်ခံမှု၏ ရည်ရွယ်ချက်က ဘာလဲ။

ကာလအလိုက် အစီရင်ခံစာများသည် NAP ၏ အကောင်ထည်ဖော်မိတ်ဖက်များအားလုံး (မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာနည်းပညာရပ်လုပ်ငန်းအဖွဲ့ဖြင့် ဖွဲ့စည်းထားသည်)၏ အစီရင်ခံစာများအပေါ် အခြေခံထားပါသည်။

အကယ်၍ ရလဒ်များသည် ရည်မှန်းချက်များပြည့်မီရန် အချိန်နှင့် ဆက်စပ်နေသေးပြီး လိုအပ်နေသေးလျှင် သို့မဟုတ် သင်ရည်ရွယ်ထားသော အကျိုးသက်ရောက်မှုကို ဖန်တီးရန်အတွက် အားထုတ်မှုအချို့ကိုထပ်ပေါင်းရန် သို့မဟုတ် ရောင်လွှဲရန်အတွက် လိုအပ်ချက်ရှိမရှိကိုလည်း ပြောပြပါသည်။

## ၃။ ကာလအလိုက် အစီရင်ခံခြင်းအတွက် တာဝန်ရှိသူကဘယ်သူပါလဲ။

ကာလအလိုက် အစီရင်ခံစာများသည် NAP ၏ အကောင်ထည်ဖော်မိတ်ဖက်များအားလုံး (မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာနည်းပညာရပ်လုပ်ငန်းအဖွဲ့ဖြင့် ဖွဲ့စည်းထားသည်)၏ အစီရင်ခံစာများအပေါ် အခြေခံထားပါသည်။

အစီရင်ခံစာကို စုစည်းခြင်းသည် အချက်အလက်အားလုံးကို ပြသမည်ဖြစ်ပြီး အထောက်အထားများကို MOVs အဖြစ် အသုံးပြုမည်ဟု မဆိုလိုပါ။ အစီရင်ခံတင်ပြရန်အတွက် မတူညီသော အဖွဲ့အစည်းများသည် လက်တွဲလုပ်ဆောင်ရန် လိုအပ်ပါသည်။ အချိန်အခါအလိုက် အစီရင်ခံခြင်းအတွက် အညွှန်းများကိုမူတည်၍ သတင်းအချက်အလက်များ စုစည်းခြင်းအတွက် တာဝန်ရှိသောအဖွဲ့အစည်းများကို NAP ၏မှတ်တမ်းတွင် စာရင်းပြုစုထားပါသည်။

## လေ့လာမှုမှတ်တိုင်

ကာလအလိုက်အစီရင်ခံမှုသည် M&E မူဘောင်အတွက် အလွန်အမင်းအရေးကြီးပြီး ယင်းအစီရင်ခံမှုမရှိပါက စီမံကိန်းသည် ၎င်း၏ရည်ရွယ်ထားသော ရည်မှန်းချက်များကို ပြည့်မီဖွယ်မရှိချေ။

**အောက်ပါတို့အနက်မည်သည့်အချက်များက ကာလအလိုက်အစီရင်ခံမှုအတွက် မှန်ကန်သော အကြောင်းပြချက်များဖြစ်ပါသနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — ကာလအလိုက်အစီရင်ခံမှုသည် သင်က သင့်ရည်ရွယ်ချက်အောင်မြင်ရန်အတွက် လမ်းကြောင်းပေါ် ရှိမရှိကို အသိပေးပါသည်။
- ☐ ခ — ကာလအလိုက်အစီရင်ခံမှုသည် ကြိုတင်မမြင်နိုင်သောအခြေအနေများအား ချင့်တွက်ရန် သင့်ကို ကူညီပေးပါသည်။
- ☐ ဂ — ကာလအလိုက်အစီရင်ခံမှုသည် မည်သည့်အားထုတ်မှုများကို ချန်ထားနိုင်ကြောင်းကို ပြောပြပါသည်။
- ☐ ဃ — ကာလအလိုက်အစီရင်ခံမှုသည် အစီအစဉ်ကိုပြောင်းလဲနိုင်ရန် ကူညီပေးပါသည်။

သင်ခန်းစာ ၅/၆

# ▶ မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## ဂုဏ်ပြုပါသည်။

သင်ဟာ အခန်းကြီး – ၈။ **ကြားဝင်ဆောင်ရွက်မှုများအား စောင့်ကြည့်လေ့လာခြင်းနှင့် ပြန် လည်သုံးသပ်ခြင်း** သင်ခန်းစာကို ပြီးစီးလုနီးပါး ရှိသွားပါပြီ။

အောက်ပါအချက်များသည် သင့်အားမည်သည့်လေ့လာမှု ကွာဟချက်များကိုမဆို ဖော်ထုတ်ရာတွင် ကူညီပေးရန် အထူးဖန်တီးထားသော မေးခွန်းများနှင့် အတူ ကိုယ့်ကိုယ်ကို အကဲဖြတ်မှုဖြစ်သည်။ သင်သည် အမှတ်များရရှိနေပြီ ဖြစ်သော်လည်း ယင်းသည် စမ်းသပ်စာမေးပွဲ မဟုတ်သည့်အတွက် အောင်မှတ် မရှိပါ။ သင်၏ ရမှတ်များကို အသုံးပြု၍ မည်သည့်နေရာတွင် လိုအပ်ချက်ရှိသည်ကို ဖော်ထုတ်ကာ ပြန်လည်လေ့လာမှုပြုလုပ်ပါ။

သင့်အနေဖြင့် ကိုယ့်ကိုယ်ကို ပြန်လည်အကဲဖြတ်မှုအား သင့်စိတ်ကြိုက် အကြိမ်များစွာပြုလုပ်နိုင်သည်။ ကံကောင်းပါစေ။

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

## မေးခွန်း ၁ / ၃

အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ၏ ရလဒ်များက ကလေးအလုပ်သမားခိုင်းစေခြင်းကြောင့် ထိခိုက်နေသော သို့မဟုတ် ထိခိုက်လာနိုင်သည့် ကလေး သူငယ်တွေများ၏ဘဝများအပေါ် ကွဲပြားခြားနားမှုတစ်ခုကို ပေးနိုင်မည်ကို M&E မူဘောင်က သေချာစေမည်ဖြစ်ပါသည်။

**အောက်ပါအချက်များအနက် M&E မူဘောင်တစ်ခု၏ အကျိုးကျေးဇူးများက ဘာတွေလဲ။**

သင့်လျော်သောအဖြေကို ရွေးချယ်ပါ။

- ☐ က — M&E မူဘောင်သည် ကလေးအလုပ်သမားပပျောက်စေရန် သင်၏ ကြိုးပမ်းမှုများ၏ ရည်ရွယ်ထားသောနှင့် မရည်ရွယ်ထားသော အကျိုးသက်ရောက်မှုများကို အကဲဖြတ်ခွင့်ပြုပါသည်။
- ☐ ခ — M&E သည် NAP တစ်ခု၏ ရလဒ်များက အဓိပ္ပာယ်ပြည့်ဝကြောင်း သေချာစေပါသည်။
- ☐ ဂ — M&E သည် ကလေးအလုပ်သမားဆိုင်ရာ ပြောင်းလဲတိုးတက်နိုင်မှုကိုနားလည်စေရန် ကူညီပေးပါသည်။
- ☐ ဃ — M&E သည် တိုးတက်မှုအညွှန်းများအား ဖန်တီးရန် ကူညီပေးပါသည်။

## မေးခွန်း ၂ / ၃

**M&E မူဘောင်၏ အချက်များကို ၄င်းတို့၏မှန်ကန်သောရည်ရွယ်ချက် နှင့်တွဲချိတ်ပေးပါ။**

သင့်လျော်သောအဖြေကို ရွေးချယ်ပါ။

| | | | |
|---|---|---|---|
| ၁ | တာဝန်ရှိ အဖွဲ့အစည်း | က | အညွှန်းများကို အတည်ပြုပြီးသည့်နှုန်းကို ပြပါသည်။ |
| ၂ | အညွှန်းများ | ခ | တိုးတက်မှုကို ခြေရာခံသည် သို့မဟုတ် သက်ရောက်မှုကို တိုင်းတာပါသည်။ |
| ၃ | အတည်ပြုခြင်းနည်းလမ်း | ဂ | အညွှန်းများကို အတည်ပြုပါသည်။ |
| ၄ | ကြိမ်နှုန်း | ဃ | အချက်အလက်များကိုစုဆောင်းပြီး တိုးတက်မှုကိုအစီရင်ခံပါသည်။ |

## မေးခွန်း ၃ / ၃

နိုင်သည် NGO တစ်ခုတွင် အလုပ်လုပ်နေပါသည်။ ပြီးခဲ့သောလတွင် သူတို့သည် သူ၏ရွာ၌ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးမှုမြှင့်တင်ရေး ကမ်ပိန်း တစ်ခုကို လုပ်ဆောင်ခဲ့ကြပါသည်။ သို့သော် ၎င်းတို့သည် လူများ၏ စိတ်နေစိတ်ထားအား မည်သည့်ကြီးကြီးမားမား အပြောင်းအလဲကိုမျှ မတွေ့ခဲ့ရပေ။ ယခု အခါ နိုင်သည် လာမည့်လတွင် ပြုလုပ်မည့် ပိုမိုကြီးမားသော ကမ်ပိန်းတစ်ခုကို စီစဉ်နေပါသည်။

**နိုင်သည် ကမ်ပိန်းလုပ်ဆောင်နေစဉ် အတွင်းနှင့် မလုပ်ဆောင်မီ အောက်ပါအချက်များအနက် မည်သည့်အချက်ကို စဉ်းစားသင့်ပါသနည်း။**

သင့်လျော်သောအဖြေကို ရွေးချယ်ပါ။

- ☐ က နိုင်သည် ကွာဟချက်များကိုနားလည်နိုင်ရန် ယခင်ကမ်ပိန်းမှ အကောင်အထည်ဖော်ပြီးကာလကို လေ့လာသုံးသပ်သင့်ပါသည်။
- ☐ ခ နိုင်သည် ကမ်ပိန်းလုပ်ဆောင်နေစဉ်အတွင်း အချက်အလက်များအား ကာလအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည် သုံးသပ်ခြင်းကို လုပ်ဆောင်သင့်ပါသည်။
- ☐ ဂ နိုင်သည် အချက်အလက်စုဆောင်းခြင်းတွင် အာရုံမစိုက်သင့်ဘဲ ကမ်ပိန်းအပေါ်တွင် ပိုမိုအာရုံစိုက်သင့်ပါသည်။
- ☐ ဃ နိုင်သည် ကမ်ပိန်းစတင်ချိန်၌ အကောင်အထည်မဖော်မီ အတည်ပြုခြင်းကို လုပ်ဆောင်သင့်ပါသည်။

သင်ခန်းစာ ၆/၆

# ▶ အနှစ်ချုပ်

ယခုသင်ခန်းစာ အပြီးမသတ်မီ အောက်ဖော်ပြပါများသည် သင်လေ့လာသင်ယူခဲ့ပြီးသော အဓိကအချက်များ၏ အနှစ်ချုပ်များဖြစ်ပါသည်။

အရေးကြီးသော မှတ်သားစရာများအတွက် အောက်တွင် ဆက်လက်ဖတ်ရှုပါ။

### M&E မူဘောင်နှင့် ကျိုးကြောင်းဆီလျော်သောမူ/ ရလဒ်မူဘောင်

M&E မူဘောင်သည် ရည်မှန်းချက်များ၊ ရလဒ်များနှင့် အားထုတ်မှုများနှင့်စပ်လျဉ်း၍ သင်၏တိုးတက်မှုကို ခြေရာခံနိုင်စေပါသည်။ ယင်းသည် ကလေးအလုပ်သမားဆိုင်ရာ NAP ၏အကျိုးသက်ရောက်မှုကို ပြန်လည်သုံးသပ်ရာတွင်လည်း ကူညီပေးပါသည်။

ကျိုးကြောင်းဆီလျော်သောမူ/ ရလဒ်မူဘောင်သည် အခြေအနေတစ်ရပ်ကို ပြောင်းလဲရန် ဖန်တီးထားသည့် ရှေ့ပြေးအစီအစဉ်တစ်ခုကို စီစဉ်ရန်၊ စောင့်ကြည့်လေ့လာရန်နှင့် ပြန်လည်သုံးသပ်ရန် စနစ်တကျ ချဉ်းကပ်မှုတစ်ခုဖြစ်ပါသည်။

### အညွှန်းများ

အညွှန်းများသည် M&E မူဘောင်၏ ကျောရိုးများဖြစ်ပါသည်။ သို့သော် အတည်ပြုခြင်းနည်းလမ်းများ အသုံးပြု၍ ၎င်းတို့အား အတည်ပြုခြင်းသည် ထပ်တူအရေးကြီးပါသည်။

ရှိရင်းစွဲအချက်အလက်ကိုအသုံးပြုပြီး အတည်ပြုနိုင်သည့် အညွှန်းများအား ဖန်တီးခြင်းသည် လက်တွေ့ကျပြီး အရေးပါသော ဆုံးဖြတ်ချက်တစ်ခုဖြစ်ပါသည်။

### အကောင်အထည်မဖော်မီကာလ၊ အကောင်အထည်ဖော်ပြီးကာလနှင့် ကာလအလိုက် အစီရင်ခံခြင်း

အကောင်အထည်မဖော်မီကာလနှင့် အကောင်အထည်ဖော်ပြီးကာလ အတည်ပြုခြင်းများသည် စီမံကိန်းအားလုံးအတွက် အလွန်အမင်းအရေးပါပါသည်။ ယင်းတို့သည် လတ်တလောနှင့် လာမည့်စီမံကိန်း/ အဆင့်အသီးသီးတို့၏ အခြေခံကို ပုံဖော်ပါသည်။ ကာလအလိုက်အစီရင်ခံခြင်းသည် ထိုစီမံကိန်းအား ရည်မှန်းချက်များဆီ ဦးတည်မှုကို ဆက်လက်ထိန်းထားနိုင်ရန် ကူညီပေးပါသည်။

# ကိုးကားရည်ညွှန်းချက်များနှင့် အရင်းအမြစ်များ


- ILO. 2017. “Tool Kit for Development and Implementation of National Action Plans (NAPs) on Child Labour”.
- World Bank. 2013. “Monitoring and Evaluation for Better Development Results”, World Bank Blog, 21 February.
- OECD (Organisation for Economic Co-operation and Development). n.d. “Monitoring, Reporting, and Evaluation”, available at: https://www.oecd.org/governance/pcsd/toolkit/guidance/monitoringreportingandevaluation/.
- ITC-ILO (International Training Centre of the ILO). n.d. “Monitoring and Evaluation Certification Programme (Online): 7 October–29 November 2024”, available at: https://www.itcilo.org/courses/monitoring-and-evaluation-certification-programme-online.


**ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့မျှော်လင့်ပါသည်။**

**ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။**

**http://ecampus.iloyangon.org/**

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၃)၊ စာမျက်နှာ ၆

## လေ့လာမှုမှတ်တိုင်

ဒီထဲက ဘယ်လိုလုပ်ငန်းစဉ်တွေက ပြန်လည်သုံးသပ်ခြင်းနဲ့ သက်ဆိုင်ပါသလဲ။

ရွေးချယ်စရာများထဲက (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

နောက်ထပ်လုပ်ဆောင်မည့်အစီအစဉ်သစ်တစ်ခုကို ပြောင်းလဲရန် သို့မဟုတ် ဖော်ထုတ်ရန်နှင့် ပန်းတိုင်များကိုသတ်မှတ်ရန် အပတ်စဉ်တွေ့ဆုံဆွေးနွေးမှုသည် ပြန်လည်သုံးသပ်ခြင်း ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ အချက်အလက်များအား ထိန်းသိမ်းခြင်းနှင့် အချိန်နှင့်တပြေးညီ ထုတ်ပြန်ခြင်းသည် စောင့်ကြည့်လေ့လာမှုအောက်တွင်ရှိပါသည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၉

ဖော်ပြချက်များကို မှန်ကန်သော အသုံးအနှုန်းများနှင့် တွဲစပ်ပါ။

အကယ်၍ သင်သည် ၁ နှင့် ခ ၊ ၂ နှင့် က ၊ ၃ နှင့် ဂ ၊ ၄ နှင့် ဃ တို့ကို တွဲထားပါက သင့်အဖြေသည် မှန်ကန်ပါသည်။

အားစိုက်ထုတ်မှုများသည် လုပ်ငန်းစဉ်များအကောင်အထည်ဖော်မှုမှလာသော ထင်သာမြင်သာရှိသည့် အခြေအနေများ သို့မဟုတ် ရလဒ်များဖြစ်နေချိန်တွင် ရလဒ်များသည် ထင်သာမြင်သာမှုမရှိသော အပြောင်းအလဲများဖြစ်ပါသည်။ ရည်မှန်းချက်များသည် ပြည့်မီသွားပြီး သို့မဟုတ် မပြည့်မီသေးလျှင် တိုးတက်မှုပြအညွှန်းများအား ရလဒ်များနှင့် သက်ရောက်မှုအညွှန်းတိုင်းတာမှုကို ခြေရာခံရန် အသုံးပြုပါသည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၁၁

ဖော်ပြချက်များကို မှန်ကန်သော အသုံးအနှုန်းများနှင့် တွဲစပ်ပါ။

အကယ်၍ ၁ နှင့် က၊ ၂ နှင့် ခ တို့ကို ရွေးချယ်ထားပါက သင့်အဖြေသည် မှန်ကန်ပါသည်။

အကောင်အထည်မဖော်မီကာလသည် စတင်နေပြီးသော စီမံကိန်းသို့မဟုတ် အဆင့်၏အခြေခံကို ပုံဖော်ပေးပြီး အကောင်အထည်ဖော်ပြီးကာလသည် လာမည့်စီမံကိန်း သို့မဟုတ် အဆင့်၏အခြေခံကို ပုံဖော်ပေးပါသည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၁၃

## လေ့လာမှုမှတ်တိုင်

အောက်ပါတို့အနက် မည်သည့်အချက်များက ကာလအလိုက်အစီရင်ခံမှုအတွက် မှန်ကန်သော အကြောင်းပြချက်များဖြစ်ပါသနည်း။

အချက်အားလုံးကို ရွေးချယ်ထားပါက သင့်အဖြေသည် မှန်ကန်ပါသည်။

ကာလအလိုက်အစီရင်ခံမှုသည် သင့်ရည်မှန်းချက်များအောင်မြင်ရန် သင်သည် လမ်းကြောင်းပေါ်တွင်ရှိမရှိကိုပြောပြပေးပြီး ကြိုတင်မမြင်နိုင်သော အခြေအနေများကို ချင့်တွက်ရန် ကူညီပေးပါသည်။ ထို့ပြင် အခြေအနေအရအစီအစဉ်ကို မည်သို့ပြောင်းလဲရန်နှင့် မည်သည့်အားထုတ်မှုများကို ကျော်သွားရန်လည်း ပြောပြပေးပါသည်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၄

## မိမိကိုယ်ကို အကဲဖြတ် သုံးသပ်ခြင်း

မေးခွန်း ၁/၃

အောက်ပါအချက်များအနက် M&E မူဘောင်တစ်ခု၏ အကျိုးကျေးဇူးများက ဘာတွေလဲ။

ရွေးချယ်စရာများထဲက (က)၊ (ခ) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

M&E သည် ကလေးအလုပ်သမားပပျောက်ရန် သင်၏ကြိုးပမ်းမှုများ၏ ရည်ရွယ်ထားသောနှင့် မရည်ရွယ်ထားသော အကျိုးသက်ရောက်မှုများကို အကဲဖြတ်ရန်ခွင့်ပြုပေးပြီး ကလေးအလုပ်သမားဆိုင်ရာ ပြောင်းလဲတိုးတက်နိုင်မှု ကို နားလည်စေရန် ကူညီပေးပါသည်။ ထို့ပြင် NAP တစ်ခု၏ ရလဒ်များသည် အဓိပ္ပာယ်ပြည့်ဝကြောင်း သေချာစေပါသည်။

မေးခွန်း ၂/၃

M&E မူဘောင်၏ အချက်များကို ၎င်းတို့၏မှန်ကန်သောရည်ရွယ်ချက်နှင့် တွဲချိတ်ပေးပါ။

အကယ်၍ ၁နှင့် ဃ၊ ၂ နှင့် ခ ၊ ၃ နှင့် ဂ ၊ ၄ နှင့် က တို့ကို ရွေးချယ်ထားပါက သင့်အဖြေသည် မှန်ကန်ပါသည်။

ကြိမ်နှုန်းဆိုသည်မှာ အညွှန်းများအား အတည်ပြုပြီးသည့်နှုန်းကို ပြသပြီး အညွှန်းတစ်ခုသည် တိုးတက်မှုကိုခြေရာခံ သို့မဟုတ် သက်ရောက်မှုကို တိုင်းတာပါသည်။ အတည်ပြုခြင်းနည်းလမ်းတစ်ခုသည် အညွှန်းများအား အတည်ပြုပေးပြီး တာဝန်ရှိအဖွဲ့အစည်းသည် အချက်အလက်များကို စုဆောင်းကာ တိုးတက်မှုကိုခြေရာခံပါသည်။

မေးခွန်း ၃/၃

နိုင်သည် ကမ်ပိန်းလုပ်ဆောင်နေစဉ်အတွင်းနှင့် မလုပ်ဆောင်မီ အောက်ပါအချက်များအနက် မည်သည့်အချက်ကို စဉ်းစားသင့်ပါသနည်း။

အကယ်၍ (က)၊ (ခ) နှင့် (ဃ) တို့ကို ရွေးချယ်ထားပါက သင့်အဖြေသည် မှန်ကန်ပါသည်။

နိုင်သည် ကွာဟချက်များကို နားလည်နိုင်ရန် ယခင်ကမ်ပိန်းမှ အကောင်အထည်ဖော်ပြီးကာလကို လေ့လာသုံးသပ် သင့်ပါသည်။ ယင်းသည် သူ့အား လာမည့်ကမ်ပိန်းအတွက် စီစဉ်ရာတွင် ပိုမိုကောင်းမွန်စေရန်နှင့် ကွာဟချက်များကျဉ်းမြောင်းစေရန် အထောက်အကူပေးပါသည်။ သူသည် ကမ်ပိန်းလုပ်ဆောင်နေစဉ်အတွင်း အကောင်အထည်မဖော်မီ အတည်ပြုခြင်းကိုလုပ်ဆောင်သင့်ပြီး အချက်အလက်များကို ကာလအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို လုပ်ဆောင်ရပါမည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လမ်းကြောင်းမှန်ပေါ်တွင် ရှိနေခြင်းရှိမရှိဖော်ထုတ်ရန်နှင့် ရည်မှန်းချက်များပြည့်မီရန်အတွက် မည်သည့်အရာမဆိုပြောင်းလဲရန် လိုအပ်လာလျှင် ကူညီပေးမည်ဖြစ်ပါသည်။

# မြန်မာနိုင်ငံကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်

## ကလေးအလုပ်သမားဆိုင်ရာ သိမြင်နားလည်မှုနှင့် အတူ ဆန့်ကျင်တိုက်ဖျက်ရန် အတွက် ဘက်ပေါင်းစုံမှပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့အစည်းများမှ လုပ်ပိုင်ခွင့် အားကောင်းလာစေခြင်း။

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော ကလေးများသည် ၎င်းတို့၏အခြေခံအခွင့်အရေး၊ ပညာရေးနှင့် ကလေးဘဝကို ဆုံးရှုံးနေရဆဲဖြစ်ပြီး ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးအတွက် ရပ်တည်ပေးဖို့ အရေးကြီးပါသည်။ “မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်” သည် ပျံ့နှံ့နေသော ကလေးအလုပ်သမားပြဿနာကို မီးမောင်းထိုးပြရန် ပုံဖော်ထုတ်ထားသည့် ပြီးပြည့်စုံသော အီလက်ထရောနစ် သင်ကြားရေး စနစ်ဖြစ်ပြီး သင်ယူလေ့လာသူများအား ကလေးအလုပ်သမားအရေးအား ထိရောက်စွာကိုင်တွယ် တိုက်ဖျက်ရန် အသိပညာနှင့် ကိရိယာများအဖြစ်ပံ့ပိုး ပြင်ဆင်ပေးထားပါသည်။
ထိတွေ့ဆွဲဆောင်မှုရှိသော မီဒီယာ အကြောင်းအရာများများမှတစ်ဆင့် ၊ အပြန်အလှန်အကျိုးပြုသည့် သင်ခန်းစာများနှင့် လက်တွေ့ဘဝဖြစ်ရပ်လေ့လာမှုများသည် ပါဝင်တက်ရောက်သူများအား ကလေးအလုပ်သမားပုံစံ အမျိုးမျိုး၊ ကလေးအလုပ်သမားဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ၎င်းကလေးများ၏ဘဝ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများအပေါ် လေးနက်သော သက်ရောက်မှုများကို လေ့လာနိုင်မည်ဖြစ်သည်။ ရှုပ်ထွေးနက်နဲသော ထောက်ပံ့ရေး ကွင်းဆက်များ၊ ဥပဒေပြုရေး၊ ပဋိပက္ခများနှင့် ကလေးလုပ်သားပပျောက်ရေးအတွက် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ အစပျိုးမှုများ၊ ကာကွယ်တားဆီးရေးနှင့် ကြားဝင်ဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော နည်းဗျူဟာများကို ရှာဖွေရန်ဖြစ်သည်။ သင်သည် သက်ဆိုင်ရာနိုင်ငံသား၊ ပညာပေးသူ၊ စစ်ဆေးရေးအရာရှိ၊ ဆရာ/မ၊ မူဝါဒချမှတ်သူ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူဖြစ်စေ ဤသင်တန်းသည် သင့်အားခြားနားမှုတစ်ခုပြုလုပ်ရန် ပေးစွမ်းနိုင်ပါသည်။ ကလေးအလုပ်သမား၊ မတရားအလွဲသုံးစားလုပ်မှု၊ ခေါင်းပုံဖြတ်ခံရမှုများကို ရပ်တန့်ရန်နှင့် ကလေးများအားလုံး ၎င်းတို့၏ ကလေးဘဝနှင့်ဆိုင်သော အခြေခံအခွင့်အရေးများကို ခံစားရရှိစေပြီးဘေးကင်းလုံခြုံစွာ ပြုစုပျိုးထောင် ပေးခြင်းအားဖြင့် ပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့ဝင် များအားလုံးကို အခွင့်အာဏာပေးအပ်စေနိုင်ဖို့ရာ ကျွန်ုပ်တို့နဲ့အတူ ပါဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။ ကျွန်ုပ်တို့နှင့်အတူ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရာတွင် အပြောင်းအလဲအတွက် ချန်ပီယံဖြစ်ကြပါစို့လား။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ သင်ဟာ ကလေးအလုပ်သမားတိုက်ဖျက်ဖို့အတွက် အရေးကြီးဆုံးပုဂ္ဂိုလ် တစ်ဦးအဖြစ်ရှိနေပါသည်။

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က) ၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org

ISBN 978-92-2-039016-0
9 789220 390160 >